# Recall / Special Service Campaign
# ကားမော်ဒယ်အများအပြားတွင် ဆီပန့်လဲလှယ်ပေးခြင်း (အမေး/အဖြေများ)

**မေး1:　ဘယ်လိုပြဿနာရှိလဲ?**

**ဖြေ1:** ဤ Recall (သို့) Special Service Campaign တွင် ပါဝင်နေသည့် အချို့သောမော်တော်ကားများ၏ ဆီပန့်များသည် ကောင်းစွာအလုပ်မလုပ်ခြင်းမျိုး ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်ပါက အင်ဂျင်ချက်မီးနှင့် အခြားသောသတိပေးမီးများ လင်းခြင်း၊ အင်ဂျင်တုန်ခြင်း စသည်ဖြင့် ဖြစ်လာနိုင်သည်။

အကျိုးဆက်အနေဖြင့် ကားစက်ရပ်သွားခြင်း၊ စက်ပြန်နှိုး၍မရခြင်း အစရှိသည့် ပြဿနာများ ဖြစ်ပွားတတ်သည် သာမက ဖြစ်တောင့်ဖြစ်ခဲ အချို့သောအခြေအနေမျိုးတွင်မူ ကားကိုအရှိန်ဖြင့်မောင်းနေစဉ် စက်ရပ်သွားနိုင်ပြီး ယာဉ်တိုက်မှု ဖြစ်ပွားနိုင်ချေကို တိုးမြင့်လာစေနိုင်ပါသည်။

**မေး2:　မြန်မာဈေးကွက်ထဲက ဘယ်ကားမော်ဒယ်အမျိုးအစားတွေ ပါဝင်နေပါသလဲ?**

**ဖြေ2:**
**[မြန်မာဈေးကွက်]**

| ပါဝင်သည့် ကားမော်ဒယ်များ | ထုတ်လုပ်သည့်ကာလ |
|---|---|
| Avanza, Rush | October 2017 - July 2019 |
| Avanza | |
| Alphard | March 2017 - May 2020 |
| Land Cruiser 200 | |
| Camry | |
| Corolla | |
| Lexus 500 | |
| Innova | |
| Hiace | |

**မှတ်ချက်**

- အထက်ပါ ကာလသတ်မှတ်ချက်အတွင်းရှိ ကားများအားလုံး ယခုကမ်ပိန်းတွင် ပါဝင်နေခြင်းမရှိနိုင်ပါ။

**မေး3:　ဒီပြဿနာရှိနေရင် ဘယ်လိုလက္ခဏာတွေ ပေါ်တတ်ပါသလဲ?**

**ဖြေ3:** အင်ဂျင်ချက်မီးနှင့် အခြားသော သတိပေးမီးများလင်းခြင်း၊ အင်ဂျင်တုန်ခြင်း၊ ကားစက်နှိုး၍မရခြင်း အစရှိတဲ့ လက္ခဏာတွေ ပေါ်လာတတ်ပါတယ်။

**မေး4: Toyota က ဘာလုပ်ပေးမှာလဲ?**

**ဖြေ4:** Toyota အသိအမှတ်ပြု ဆားဗစ်စင်တာများတွင် ဆီပန့်များကိုလဲလှယ်ပေးမည် ဖြစ်ပါသည်။ အဆိုပါ လဲလှယ်ပေးခြင်းအတွက် ကားပိုင်ရှင်များကို **အခကြေးငွေကောက်ခံခြင်း လုံးဝမရှိပါ။**

**မေး5: ဆီပန့်လဲလှယ်သည့်အခါ အချိန်ဘယ်လောက် ကြာပါသလဲ?**

**ဖြေ5:** ဆီပန့်လဲလှယ်ခြင်းအတွက် အကြမ်းဖျင်းအားဖြင့် ခန့်မှန်းခြေ အချိန်တစ်နာရီခွဲမှ နှစ်နာရီခန့်အထိ ကြာမြင့်နိုင်ပါသည်။ သို့သော် ကားမော်ဒယ်နှင့် လဲလှယ်ရသည့်နည်းလမ်းအပေါ် မူတည်၍ ကြာမြင့်ချိန်မတူညီနိုင်ပါ။

ထို့အပြင် လဲလှယ်ချိန်သည် ဆားဗစ်စင်တာ၏ အချိန်ဇယားနှင့် လုပ်ငန်းဆောင်တာများအပေါ်တွင်လည်း မူတည်ကာ ပိုမိုကြာမြင့်နိုင်သောကြောင့် လာရောက်လဲလှယ်ရာတွင် ၎င်းအချက်ကိုလည်း ထည့်သွင်းစဥ်းစားပေးရန် လိုအပ်ပါသည်။

**မေး6: ဒီဆီပန့်လဲလှယ်တဲ့ Recall / Special Service Campaign ထဲမှာ ပါဝင်နေတဲ့ စုစုပေါင်းကားအစီးရေ မြန်မာဈေးကွက်ထဲမှာ မည်မျှရှိပါသလဲ?**

**ဖြေ6:** မြန်မာနိုင်ငံမှာ Toyota ကားအရောင်းစင်တာများမှ တရားဝင်ရောင်းချထားတဲ့ ကားများအနက် အစီးရေစုစုပေါင်း ၁,၇၁၆ စီးဟာ ဤကမ်ပိန်းမှာ ပါဝင်နေပါတယ်။
အခြားနည်းလမ်းများဖြင့် တင်သွင်းထားတဲ့ ကားအရေအတွက်မည်မျှ ကမ်ပိန်းမှာပါဝင်နေသည်ကိုတော့ သိနိုင်ခြင်းမရှိပါ။

**မေး7: အခြားနိုင်ငံတွေမှာ (သို့မဟုတ်) အခြားမော်ဒယ်တွေမှာလည်း ဒီပြဿနာ ဖြစ်ပွားနိုင်သလား?**

**ဖြေ7:** ဤ Recall / Special Service Campaign တွင် ထုတ်လုပ်မှုပိုင်းဆိုင်ရာအားနည်းချက်ရှိသော ဆီပန့်တွေကို တပ်ဆင်ထားတဲ့ ကားများသာပါဝင်ပါတယ်။ ၎င်းထုတ်လုပ်မှုပိုင်းဆိုင်ရာအားနည်းချက်သည် အချိန်အပိုင်းအခြားတစ်ခုအတွင်းသာ ဖြစ်ပွားခဲ့ပါတယ်။ ထိုအချိန်အပိုင်းအခြားအတွင်း ထုတ်လုပ်ထားတာ မဟုတ်တဲ့ ဆီပန့်တွေကို တပ်ဆင်ထားတဲ့ကားတွေကတော့ ပါဝင်ခြင်းမရှိပါ။

**မေး8: သင့်ကားမှာရော ဒီပြဿနာဖြစ်လာနိုင်လား?**

**ဖြေ8:** သင့်ကားဟာ Recall / Special Service Campaign တစ်ခုခုမှာ ပါဝင်နေခြင်းရှိ မရှိကို Toyota Myanmar Website ရှိ "Special Service Campaign" ကဏ္ဍတွင် စစ်ဆေးနိုင်ပါသည်။

အကယ်၍ပါဝင်နေပါက "ဆက်သွယ်မှုရယူမည်" ဆိုတဲ့ ခလုတ်ကိုနှိပ်ပြီး လိုအပ်တဲ့အချက်အလက်လေးတွေကို ဖြည့်ပေးကာ လဲလှယ်ပေးရန် အကြောင်းကြားနိုင်ပါသည်။ ကျွန်တော်တို့ Toyota ဘက်မှ အမြန်ဆုံးပြန်လည်ဆက်သွယ်ပေးပါမည်။